# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 24, 2019 Volume 18, Number 14


| ၂၄.၄.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၆၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၅၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄ ကျပ် |
| CBM Rate | = ၁၅၂၈.၁/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၉၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံမှဆန် နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးမီဆန် များတင်ပို့နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီးတိုက်တွန်း

နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့်ဈေးကွက် တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်ဆန်များ တင်ပို့နိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်း မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၈၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၂ သန်း၊ တန်ဖိုး ဒေါ်လာ ၃၈၁ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၇၀ မှ ဆန်တန်ချိန်၈ ဒသမ ၅ သိန်း၊ တန်ဖိုးဒေါ်လာ ၂၈၈ သန်း တင်ပို့နိုင်ခဲ့သည်ဟု ဆိုသည်။

နယ်စပ်မှ ဆန်တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၅၅ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း၊ တန်ဖိုး ဒေါ်လာ ၅၉၅ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၀၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၀၇ သန်း၊ တန်ဖိုး ဒေါ်လာ ၃၅၉ သန်း တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ အာဖရိကသည် ဆန်ကိုစိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း စားသုံးမှုသည် စိုက်ပျိုး ထုတ်လုပ်နိုင်မှုထက်များပြားသဖြင့် အာရှဒေသရှိနိုင်ငံများထံမှ ပြန်လည်ဝယ်ယူတင်သွင်းရပါကြောင်း၊ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် နိုင်ငံများတွင် အာဖရိကနိုင်ငံများလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများသည် အိန္ဒိယ၊ ထိုင်း၊ အမေရိကန်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ တရုတ်၊ ဥရုဂွေး၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ဆန်တင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ဘီနင်း၊ ဆော်ဒီအာရေးဗီးယား၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများနိုင်ငံ၊ အင်္ဂလန်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် **Global** စီးပွားရေးစနစ်တွင် စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပြီး မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာရှိနေရာ တောင်သူများ၊ ကုန်သည်များနှင့် နိုင်ငံတော်ပါ အကျိုးဖြစ်ထွန်းနိုင်ရေးအတွက် ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရေး ပိုမိုကြိုးပမ်းလုပ်ဆောင်နိုင်ရန်

လိုအပ်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။ မြန်မာ့ဆန်စပါးကုန်သွယ်မှုကဏ္ဍသည် လုပ်ငန်းနယ်ပယ် အလွန်ကျယ်ပြန့်သောကြောင့် ရှုပ်ထွေးမှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အကန့်အသတ်များစွာဖြင့် ဆောင်ရွက်နေရပြီး အဆိုပါကိစ္စများအား အဆင်ပြေချောမွေ့စွာ ကျော်ဖြတ်ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။

**Source:** NEWS https://news-eleven.com/article/102055

## အိုင်ဗရီကို့စ် မြန်မာ့ဆန်ဖြစ်ရပ် တရားခံရှာခြင်းထက် သင်ခန်းစာယူရန် စီးပွားကူးသန်းတာဝန်ရှိသူများပြော

အိုင်ဗရီကို့စ်တွင် မြန်မာ့ဆန်များ ဖျက်ဆီးခံရခြင်းနှင့် ပတ်သက်၍ အပြစ်ရှာခြင်းထက် သင်ခန်းစာယူရန်လိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီးကပြောကြားသည်။ ဘယ်ကဘယ်လို ဖြစ်လာလဲ။ ဘယ်ဂိုဒေါင်ကစပြီး ပို့လိုက်တာလဲ။ သင်္ဘောပေါ်တင်တဲ့အခါ ရာသီဥတုကြောင့်လား။ လမ်းမှာ ရေဘယ်လောက်ကြာလဲ။ ဒါလေးတွေကို အချိန်လိုက်ပြီး လေ့လာဆန်းစစ်မယ်ဆိုရင် အားနည်းချက် အပိုင်းလေးတွေ ရှာဖွေလို့ရပါတယ်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆိုသည်။

ယခုဖြစ်စဉ်အပေါ် အစိုးရဘက်ကလည်း တတ်နိုင်သမျှ ကူညီမည်ဖြစ်ပြီး ဖြစ်စဉ်အတွင်း မြန်မာနိုင်ငံကုန်သည်များ ငွေကြေးဆုံးရှုံးမှုမရှိသော်လည်း တင်ပို့ခဲ့သည့် ပစ္စည်းများမှာမူ နာမည်ပျက်သည့်သဘော သက်ရောက်ခဲ့သည်ဟု ဝန်ကြီးက သုံးသပ်သည်။ နေပြည်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဧပြီ ၂၃ ရက်ကပြုလုပ်သော နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးမိန့်ခွန်းတွင် ဒေါက်တာသန်းမြင့်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆန်စပါးဈေးကွက်ကို ပြန်ကြည့်ပါက တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး တင်ပို့နေသည်မှာ အာဖရိကဈေးကွက်ဖြစ်သဖြင့် ယခုအိုင်ဗရီကို့စ် ဖြစ်စဉ်ကို ခြေခြေမြစ်မြစ် ပြန်လည်လေ့လာဆန်းစစ်ရန် လိုအပ် ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ပြောကြားသည်။ ဘယ်နေရာတွေမှာ အားနည်းချက်ရှိသလဲ။ ဒီအားနည်းချက်တွေကို ကျွန်တော်တို့အနေနဲ့ ဘယ်လိုဖြေရှင်းမလဲ။ နောက်ပြီး ကျွန်တော်တို့ရဲ့ ဆန်စပါးတင်ပို့မှုဟာ စဉ်ဆက်မပြတ် ပေ့ါနော်။ ရေရှည်တည်တံ့တဲ့ ဆန်တင်ပို့မှုဖြစ်သင့်ပါတယ်ဟု ဒုဝန်ကြီးကဆိုသည်။ ယခုဖြစ်စဉ်အရ ဆန်တင်ပို့မှု မူဝါဒအလုံးစုံကို ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ကြောင်း ဦးအောင်ထူးက ထည့်သွင်းပြောကြားသည်။

အိုင်ဗရီကို့စ်နိုင်ငံတွင် မြန်မာ့ဆန်များ ဖျက်ဆီးခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ပထမဆုံးသတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၂ ရက်တွင်ပြုလုပ်ခဲ့ပြီး သင်္ဘောပေါ်သို့ ဆန်တင်ချိန်တွင် မိုးရေစုနစ်မိနစ်ခန့် မိခဲ့ခြင်း၊ သင်္ဘောဟောင်းနွမ်းနေခြင်း၊ ပင်လယ်အတွင်း ခုနစ်လကျော်ကြာမြင့်ခဲ့ခြင်းက အရည်အသွေးပျက်စီးစေသည့် အခြေ အနေသို့ရောက်ခဲ့သည်ဟု ပြောကြားထားသည်။

**Source: http://www.7daydaily.com/story/154413**

## ရေနံဈေး ၆၅ ဒေါ်လာ အထက် မြင့်တက်

အီရန်အပေါ် အရေးယူမှုတွေ ပိုမိုတိုးမြင့်လုပ်ဆောင်မယ်လို့ အိမ်ဖြူတော်က ထုတ်ဖော်ကတိပြုပြီးနောက် အမေရိကန်ရေနံဈေးတွေကတော့ Halloween နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဧပြီ ၂၂ ရက်က တစ်စည်ကို ၆၅ ဒေါ်လာအထက်ကို ရောက်ရှိခဲ့ပါတယ်။ ဒါဟာ အိုပက်နိုင်ငံဆီကနေ ရေနံစိမ်းဝယ်ယူမှု နိုင်ငံတစ်ချို့ကို ကနဦးခွင့်ပြု ပေးထားတဲ့ သက်ညှာမှုတွေကိုဖယ်ရှားပြီး အီရန် ရေနံပို့ကုန်တင်ပို့မှုကို ဇီးရိုးအထိ ဖြစ်အောင် လုပ်မယ်လို့ Trump အစိုးရက ကြုံးဝါးထားခဲ့ပါတယ်။

ယင်းအခြေအနေ ရေချိန် မြင့်တက်လာခြင်းက ရေနံဈေးကွက်ထဲမှာ ရေနံတင်သွင်းခြင်းဆိုင်ရာ စိုးရိမ်ပူပန်မှုတွေကို ပိုတိုးလာစေခဲ့ပါတယ်။ တစ်ချိန်တည်းမှာလည်းပဲ အမေရိကန်ဆန်ရှင်ကြောင့်ပဲ ဗင်နီဇွဲလားရဲ့ ရေနံတင်ပို့မှုတွေလည်း ပျောက်ပျက်ထားစေခဲ့ပါတယ်။ ပဋိပက္ခတွေက လစ်ဗျားနိုင်ငံကို ရိုက်ခတ်နေလျက် ရှိသလို ဆော်ဒီအာရေးဗျကလည်း ယင်းရဲ့ ထုတ်လုပ်မှုကို လျှော့ချထားပါတယ်။

ဈေးကွက်ကတော့ ဖိအားတွေ ရောက်ပါတော့မယ်၊ဈေးနှုန်းတွေကတော့ သေချာပေါက် အတက်ဘက်

ရောက်ပါလိမ့်မယ်လို့ အတိုင်ပင်ခံကုမ္ပဏီ Facts Global Energy က အရှေ့အလယ်ပိုင်းဆိုင်ရာ မန်နေးဂျင်း ဒါရိုက်တာ Iman Nasseri က ပြောသွားပါတယ်။

**Source:** https://edition.cnn.com/…/oil-prices-iran-sancti…/index.html

## ဆင်းပဒေသာမြေပဲ အထွက်နှုန်းကောင်းသော်လည်း အရင်းများခဲ့၍ တောင်သူများ တွက်ခြေမကိုက်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းမြေပဲစိုက်ပျိုးရာသီကာလတွင် သူကောင်းတည် မြစ်ရေတင်စိုက်ကွင်း တောင်သူကိုးဦးပိုင်ဆိုင်သည့် ဧက ၃၀ ဒသမ ၅၀ မြေကွက်ပေါ်၌ မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များ အသင်းနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့ရာ မြေပဲအတောင့် တင်း ၉၀၀ ကျော် ထွက်ရှိခဲ့သော်လည်း စိုက်ပျိုးသည့်



တောင်သူများအရှုံးပေါ်လျက်ရှိကြောင်း ယင်းမြေပဲ မျိုးစိုက် တောင်သူများထံမှသိရသည်။ အဆိုပါဆင်းပဒေသာ ၁၁ မျိုး မြေပဲကို နိုဝင်ဘာ၂၀ ရက်မှ၂၃ ရက်အထိ စိုက်ပျိုးခဲ့ ရာ ဧပြီ ၁ ရက်မှ ၈ ရက်အထိ စိုက်ပျိုးချိန် လေးလကျော်ကြာမြင့်ပြီး ရိတ်သိမ်းခဲ့ကြခြင်းဖြစ် သည်။ "ဒီဆင်းပဒေသာ ၁၁ ပဲမျိုးက အလွန်ရှားပါတယ်။ ဒီပဲမျိုးကို စိုက်ချင်လွန်းလို့ ဒီအသင်းကို ကျွန်တော်ကိုယ်တိုင် ချိတ်ဆက်ရှာဖွေခဲ့တာပါ။

အခုလို စိုက်ပျိုးခွင့်ရရှိတဲ့အတွက်လည်း တာဝန်ရှိသူ တွေကို ကျေးဇူး တင်ပါတယ်။ ဒါပေမယ့် ဒီပဲမျိုးက သွင်းအားစုတွေအတွက် ကုန်ကျစရိတ်က အတော်များတယ်။ သွင်းအားစုက တစ်ဧကေ ငွေကျပ် တစ်သိန်းခွဲလောက် မှန်းထားပေမယ့် တကယ် စိုက်လိုက်တော့ ပေါင်တင်စနစ်နဲ့ စိုက်ပျိုးတဲ့ ထွန်စက်ခက တစ်ဧကေ ငွေကျပ် ၄၀၀၀၀ ကျပ်ပေးရတယ်။ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး၊ မှိုသတ်ဆေးကလည်း တစ်ဧကေကို ငွေကျပ် နှစ်သိန်းခွဲလောက် ကုန်ကျခဲ့ တယ်။ စုစုပေါင်းကုန်ကျစရိတ် တစ်ဧကေကို ငွေကျပ် နှစ်သိန်းရှစ်သောင်းလောက် ကုန်ကျခဲ့တယ်။ ရိတ်သိမ်းခကလည်း ငွေကျပ် ၂၅၀၀၀ လောက်ရှိပါတယ်။ ပဲမျိုးအရင်း အတောင့်တစ်တင်းယူစိုက်ရင် အတောင့်တစ်ခွဲ အတိုးပြန်ပေးရတယ်။ တစ်ဧကေစိုက်ရင် အတောင့်ခြောက် တောင်းခွဲပြီး စိုက်ခဲ့ကြရတယ်။ ကုန်ကျစရိတ်အားလုံးကို အသင်းကစိုက်ထုတ် ပေးထားတာဖြစ်ပါတယ်။

ဒီနှစ်မရပေမယ့်လည်း နောက်နှစ်တွေရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆို တာ စုပေါင်းအဖြေရှာဖို့ပဲ လိုပါတယ်။ အခုစိုက်တာကတော့ လိုအပ်ချက်တွေရှိနေခဲ့ပြီး အပင်တွေမှာ အပွင့်ခြောက်ကပ်တာတွေလည်း တွေ့ရတယ်။ ဘာကြောင့် အပွင့်ခြောက် ကပ်တယ်ဆိုတဲ့ အဖြေတွေရှာဖို့လည်း လိုပါတယ်ဟု မြေပဲစိုက်တောင်သူတစ်ဦးကပြောသည်။ အလားတူ ငါးဧကစိုက်သည့် ဒေါ်အုန်းမြင့်ခိုင်ကလည်း အားမလျှော့ပါဘူး။ ရှေ့နှစ်လည်း စိုက်ဦးမှာပါ။ ဒီနှစ်ထည့်ထားတဲ့ ဓာတ်မြေဩဇာကလည်း နောက်နှစ်မှပိုကောင်းမှာဆိုတော့ ဒီမြေပဲမျိုးကိုပဲ စိုက်ဖြစ်အောင်စိုက်မှာပါ။ ဒီနှစ်စိုက်တဲ့ ဆောင်းမြေပဲကတော့ ငွေကျပ် သုံးသိန်းလောက်ရှုံးတယ်။ ဒါလည်း ကျွန်မတို့ကတော့ လက်ငင်းမပေးနိုင်သေးဘူး။ နောက်ထပ်စိုက်ပြီးရလာမှပဲ တဖြည်းဖြည်း ပေးရတော့မှာဖြစ်ပါတယ်။ စိုက်တဲ့ထွန်စက်ခစရိတ် တစ်ဧကေလေးသောင်းရယ်၊ ပိုးသတ်ဆေးဖိုး၊ မှိုသတ်ဆေးဖိုးတွေရယ်က များသွားတာပါ။ နောက်ပြီး ပိုနေတဲ့ ပိုး သတ်ဆေးတွေ ပြန်မသိမ်းတာအတွက် တောင်သူတွေမှာ ပိုပြီးအရှုံးပေါ်နေတယ်။ ကျွန်မတို့ ခါတိုင်းစိုက်တဲ့ မြေပဲတွေအတွက် ပိုးသတ်ဆေး တစ်ဧကေ ငွေကျပ်တစ်သောင်း ခွဲလောက်ပဲကုန်ဖူးပါတယ်။ ဒီလိုသိန်းချီ မကုန်ဖူးပေမယ့် အချိန်တန်မြေပဲရတာပါပဲဟုပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## ဖရဲဈေးကောင်းလာပေမယ့် သရက်ဈေး ကျဆင်းစပြုလာတဲ့ မူဆယ်ဈေးကွက်



တရုတ်နိုင်ငံကိုနိစပ်ကနေတင်ပို့နေတဲ့ သစ်သီးဈေးကွက်တစ်ခုဖြစ်တဲ့ မူဆယ် မှာ ဖရဲသီးအဝင်နည်းလာတာကြောင့်ဈေးကောင်းရလာပေမယ့် အလုံးအရင်းနဲ့ဝင်လာတဲ့ သရက်သီးတွေကတော့ ဈေးနှုန်းကျဆင်းစပြုလာတယ်လို့သိရပါတယ်။ ဖရဲရာသီကကုန်ချိန်နီးလာတော့ အဝင်ကျဲလာတယ်။ ဒါကြောင့် တစ်ဖက်ဝယ်လက်က လုဝယ်နေရသလိုဖြစ်ပြီး ဈေးတန်းကောင်းလာတာ။ သရက်ကတော့ ထုံးစံအတိုင်း စုပြုံဝင်နေပြီ။ ဒါကြောင့် တစ်ရက်ထက်တစ်ရက် ကျလာတယ်"လို့ သစ်သီးကုန်သည် ဦးစိုင်းညာဏ်က ပြောပါတယ်။

မူဆယ်ဈေးကွက်က ပြည်ပကိုသစ်သီးတင်ပို့နေတဲ့အဓိက ဈေးကွက်တစ်ခု ဖြစ်ပြီး သီးနံ့အရည်အသွေးပေါ်မူတည်ကာ ဈေးနှုန်းသတ်မှတ်ရောင်းချနေကြတာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ဖရဲသီးအဝင်ကား နည်းလာပြီး အရည်အသွေးကောင်းသည့် အမျိုးအစားများသာ အဓိကရောက်လာနေတာကြောင့် ဈေးနှုန်းကဆက်တိုက်မြင့်တက်လာနေတယ်လို့သိရပါတယ်။ ဒီကနေ့နယ်စပ်မှာဖြစ်ပေါ်နေတဲ့ ငွေလဲနှုန်းကတော့ တရုတ်ယွမ်တစ်ယွမ်ကိုမြန်မာငွေ (၂၂၁)ကျပ်ဖြစ်ပါတယ်။

**Source:** https://www.facebook.com/kope.aung?ref=br_rs

## ငါး၊ ပုစွန်သားပေါက်ချိန် ဒေသတွင်း ငါးလုပ်ငန်းဦးစီးဌာနများကို ငါး၊ ပုစွန်ဖယ်ယူစုဆောင်းခြင်းနှင့် သက်ဆိုင်သောလိုင်စင်များ ထုတ်မပေးရန် ညွှန်ကြားထား

ငါး၊ ပုစွန်များ သားပေါက်ချိန်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ငါးလုပ်ငန်း ဦးစီးဌာနများ အနေဖြင့် ငါး၊ ပုစွန် ဖယ်ယူစုဆောင်းခြင်းနှင့် ဖယ်ယူစုဆောင်းခွင့် လိုင်စင်များ ထုတ်ပေးခြင်းမပြုလုပ်ရန် ညွှန်ကြားထားကြောင်း ငါးလုပ်ငန်းဦးစီးဌာထံမှသိရသည်။ "သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ ဦးစီးဌာနမှူးတွေအနေနဲ့ အခြေပြုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ပြည်တွင်း၊ ပြည်ပ ကမ်းဝေး ငါးဖမ်းရေယာဉ်တွေနဲ့ လုပ်ငန်းရှင်တွေကို တိကျစွာလိုက်နာဖို့ အသိပေး ကြပ်မတ်ဆောင်ရွက်ရမယ်လို့ ညွှန်ကြားထားပြီးပါပြီ။ နောက်ပြီး ငါး၊ ပုစွန် သားပေါက်ချိန်အတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာန တွေအနေနဲ့ ငါး၊ ပုစွန် ဖယ်ယူစုဆောင်းခြင်းနဲ့ ဖယ်ယူစုဆောင်းခွင့် လိုင်စင်တွေထုတ်မပေးဖို့ကိုလည်း ညွှန်ကြားထားပါတယ်။ လုပ်ငန်းရှင်တွေ အနေနဲ့ကလည်း ပိတ်ထားတဲ့ကာလကို လျှော့ပေးဖို့ ကမ်းလှမ်းထားတာတော့ ရှိတယ်။ လျှော့ပေး၊မပေးကတော့ မသေချာသေးပါဘူး။ လက်ရှိ ငါးသယံဇာတတွေကလည်း လျော့နည်းနေပြီဖြစ်တဲ့အတွက် ကြိုတင်ကာကွယ်နိုင်တဲ့အတိုင်းအတာတစ်ခုအနေနဲ့ ဒီသုံးလတော့ ပိတ်ထားဖြစ်မှာပါ"ဟု ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောပြသည်။

ညွှန်ကြားချက်များကို မလိုက်နာဘဲ ငါး၊ ပုစွန် သားပေါက်ချိန်ကာလအတွင်း ဖယ်ယူစုဆောင်းခြင်းနှင့်တင်ပို့ခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပြီး မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်လေဒဏ်ခိုလှုံနိုင်ရန်အတွက် ကျွန်းခိုရပ်နားနိုင်မည့် တည်နေရာများကိုလည်း သတ်မှတ်ပေးထားကြောင်း၊ ၎င်းသတ်မှတ်ပေးထားသည့် တည်နေရာများတွင် ရာသီဥတုခိုလှုံခြင်းကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန် ဖမ်းဆီးခြင်းကို စစ်ဆေးတွေ့ရှိပါကလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းကို ငါးလုပ်ငန်းဦးစီးဌာနကညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်ဟု သိရသည်။

ယခင်နှစ်များက ငါးမဖမ်းရကာလကို လျှော့ချပေးခဲ့သည့်အပြင် ငါးဖမ်းလှေများကိုလည်း အရေအတွက် လျှော့ချပြီး ပြန်လည်ခွင့်ပြုပေးခဲ့သော်လည်း ယခုနှစ်တွင်မူ ကမ်းဝေးငါးဖမ်းလှေတစ်စင်းကိုမျှ ခွင့်ပြုပေးသွားမည် မဟုတ်ကြောင်း သိရသည်။ မြန်မာ့ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းအတွင်းရှိ ကမ်းဝေးငါးဖမ်းကွက်များတွင် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာ များကို ဧပြီလ ၁၂ရက်မှစ၍ သတ်မှတ်လိုက် ပြီဖြစ်ပြီး ငါးမဖမ်းရကာလမှာ သုံးလထိသတ်မှတ်ထားကြောင်း ငါးလုပ်ငန်းဦးစီး ဌာနထံမှ သိရသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2172033342910840?__tn__=K-R

## သရက်သီးအဖွင့်ဈေး ဈေးကောင်းရနေ



ဒီနှစ်သရက်သီးပေါ် ချိန်မှာ သရက်သီးဈေးကွက် အဖွင့်ဈေးဟာ ပြီးခဲ့တဲ့နှစ်ထက်ဈေးကောင်း ရရှိနေတယ်လို့ မူဆယ်သစ်သီးဈေးကွက်မှ သိရ ပါတယ်။

တရုတ်ဈေးကွက်ကို အဓိက တင်ပို့နေတဲ့ မြန်မာ့စိန်တလုံး သရက်သီးတွေဟာ အခုလ လလယ်ပိုင်းလောက်က စပြီး တရုတ်နိုင်ငံသို့တင်ပို့နေတာဖြစ်ပါတယ်။အခုဆိုရင် စိန်တလုံးအိတ်စွပ် ၁၆ ကီလို တစ် ခြင်းကို အနိမ့်ဆုံး ယွမ် ၁၃၀ မှ အမြင့်ဆုံး ယွမ် ၁၅၀ အထိ ပေါက်ဈေးရှိနေပါတယ်။ ရိုးရိုးကတော့ ယွမ် ၅၀ ကနေ ၈၀ အထိရှိတယ် လို့သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ အခုလို သရက်တင်ပို့မှု ရာသီအစမှာ အိတ်စွပ်ဆိုရင် ယွမ် ၉၀ ကနေယွမ် ၁၀၀ ကြားမှာသာ ဈေးရှိတယ်လို့ သိရပါတယ်။

မူဆယ်နယ်စပ်ရှိ ခွာညိုသစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်က "အခုက အဝယ်လဲ လိုက်လာတယ် ၊ တရုတ်ပြည်က လောလောဆယ်မှာ တခြားအသီးတွေလဲ သိပ်မရသေးဘူး၊ လိုင်ချီးတို့၊ သစ်တော်သီးတို့ လာပြီဆိုရင် တော့ နည်းနည်း ဈေးနည်းသွားမှာပေါ့၊ အခုကတော့ သူတစ်မျိုးတည်းရှိတာကြောင့်လဲ ဈေးကောင်းတာပေါ့" လို့ ပြောပါတယ်။ အခုဆိုရင် မူဆယ်ဈေးကွက်မှာ သရက်သီးကား တစ်နေ့ကိုအစီး ၅၀ ခန့် ဝင်ရောက်နေပြီး လက်ရှိရာသီဥတုပူပြင်းတဲ့ အတွက် တချို့ဂျပ်ဖာနဲ့ထည့်ရတဲ့ သစ်သီးတွေဆိုရင်တော့ အပူလောင်ပြီး ပျက်စီးမှု အနည်းငယ် ရှိကြတယ်လို့ သိရပါတယ်။

အခုမူဆယ်နယ်စပ်ကုန်သွယ်ရေးမှာ သစ်သီးတွေလောက်သာ တရုတ်ဘက်နဲ့ အရောင်းအဝယ်ဖြစ်နေပြီး တခြား လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ သကြား၊ ပြောင်းစတဲ့ကုန်စည်တွေကတော့ အရောင်းအဝယ်မရှိ သလောက်ဖြစ် နေတယ်လို့လည်းသိရပါတယ်။ ဦးစိုင်းခင်မောင်ကအခုက သစ်သီးလောက်ပဲရှိတာ၊ ဆန်ဆိုရင် အိတ်ပိုင်းလေးတွေနဲ့ ငါးပြည်၊ ခြောက်ပြည်တောင်မှ ပေးမဝင်တော့ဘူးထင်တယ် ၊ ဗမာဆန်တွေ အဲဒီလောက် အထိအေးနေတာလို့ ပြောပါတယ်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်ကတော့ လက်ရှိ သရက်သီးတင်ပို့တဲ့ရာသီမှာ အရည်အသွေးကောင်းကာ ဈေးကောင်းရရှိဖို့နဲ့ ဝယ်လိုအားကောင်းဖို့အတွက် သရက်သီးတွေကို ရင့်မှည့်တဲ့ အနေအထား ရောက်ရှိပြီးမှသာ တစ်ဖက်နိုင်ငံသို့ တင်ပို့ကြဖို့အသိပေး ကြေညာချက် ထုတ်ပြန် ထားပါတယ်။

**Source:** https://www.kumudranews.com/news-33085

## သင်္ကြန်ကာလနောက်ပိုင်း မန္တလေးပဲဈေးကွက် အရောင်းအဝယ်သွက်နေ

သင်္ကြန်ပွဲတော်ကြောင့် ရပ်နားထားသည့် ယမန္တလေး ပဲဈေးကွက်မှာ ပြန်ဖွင့်ချိန်မှာပင် အရောင်းအဝယ်သွက်နေ ကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။ ယခုလ ၂၀ ရက်နေ့က ပဲဈေးကွက်စတင်ဖွင့်ချိန်မှာပင် အရောင် းအဝယ်ပြုလုပ်သူများ စုံလင်သည့်အပြင်၊ပဲအချို့မှာ သင်္ကြန်မတိုင်ခင်ဈေးနှုန်းထက် ဈေးပိုရလာကြောင်းသိရသည်။ အရင်နှစ်တွေကဆိုရင် သင်္ကြန်အပြီးဆို နည်းနည်းအေးတယ်။ ဒီနှစ်တော့ စဖွင့်ဖွင့်ချင်းမှာပဲ အရောင်းအဝယ်သွက် နေတယ်။ ဈေးလည်းကောင်းနေတယ်ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

သင်္ကြန်ပွဲတော်မတိုင်မီကာလက ပြည်ပသို့ အဓိကတင်ပို့ကုန်များဖြစ်သည့် ပဲစဉ်းငုံ ၃ တင်းဝင်တစ်အိမ်လျှင် ငွေကျပ် ၈၅,၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ မြေတောက်ပဲများ ကျပ် ၁၂၈,၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်းမှာလည်း ငွေကျပ် ၁၂၂,၀၀၀ ဈေးနှုန်း ဖြင့်လည်းကောင်း၊ မြေပဲလုံးဆံ တစ်ပိဿာလျှင် ၂,၇၀၀ ကျပ်နှုန်း ပေါက်ဈေး ရှိခဲ့သော်လည်း၊ သင်္ကြန်ကာလအပြီး ဧပြီ ၂၀ ရက်နေ့တွင် ပဲစဉ်းငုံ ၃ တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၁,၀၀၀ နှုန်း မြေတောက်ပဲမှာ ငွေကျပ် ၁၃၀,၀၀၀ နှုန်း၊ ပဲတီစိမ်းမှာ ငွေကျပ် ၁၂၅,၀၀၀ ဈေးနှုန်းနှင့် မြေပဲလုံးဆံမှာ တစ် ပိဿာလျှင် ၂,၈၅၀ ကျပ်နှုန်းအထိ ဈေးနှုန်းမြင့်တက်နေ ကြောင်းသိရသည်။



အိန္ဒိယဘက်က အဝယ်ပြန်ရှိမယ် ထင်လို့ အရောင်း အဝယ် သွက်လာတာလည်းဖြစ်နိုင်တယ်။ လောလောဆယ် ကျွန်တော်ကတော့ ပဲဈေးကွက်ကို ခဏစောင့်ကြည့် နေဆဲပဲဟု ပဲ၊ နှမ်းကုန်သည် ဦးမျိုးကပြောသည်။ လက်ရှိအခြားပဲများဈေးတက်နေသော်လည်း မတ်ပဲ၊ ထောပတ်ပဲ၊ နှမ်း၊ ပြောင်းဖူးစေ့နှင့် ကုလားပဲအုပ်စုဝင် များဖြစ်သည့် V2၊ V7 နှင့် ထိုင်ဝမ်ပဲတို့မှာ သင်္ကြန်မတိုင်မီ ဈေးနှုန်းများအတိုင်း ဆက်လက်တည်ငြိမ်နေကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=7975

## မန္တလေးတွင် ၂ နှစ် ကျော်အတွင်း ပဲစင်းငုံဈေး အမြင့်ဆုံးရောက်

ဈေးဆက်တိုက်မြင့်တက်လာသော မန္တလေးပဲ၊ နှမ်းဈေးကွက်အတွင်းရှိ ပဲစင်းငုံနီအသစ် ဈေးနှုန်းများသည် ၂၀၁၇ ခုနှစ် အိန္ဒိယမှ မြန်မာ့ပဲမျိုးစုံကို တင်သွင်းခွင့်ပိတ်ပြီးကာလ နောက်ပိုင်းကထက် အမြင့်ဆုံးဈေးသို့ရောက်ရှိကြောင်း ယင်းပဲဈေးကွက်အတွင်းမှသိရသည်။ ၂၀၁၇ ခုနှစ် မတိုင်ခင်ကာလများက ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၅၀,၀၀၀ ကျပ်အထိ အမြင့်ဆုံး ရောက်ရှိခဲ့ပြီးနောက်ပိုင်း ယခုအခါ အမြင့်ဆုံးအဖြစ် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်ကိုးသောင်းကျော်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ယင်းဈေးကွက်အတွင်းမှသိရသည်။

ပဲစင်းငုံသည် ပြီးခဲ့သည့် ပဲစိုက်ကာလအတွင်းက အိန္ဒိယပြန်မဝယ်နိုင်ဟု သုံးသပ်ခဲ့ကြသည့်အပြင် အစိုးရကလည်း စိုက်ပျိုးရန်မသင့်သည့် သီးနှံစာရင်းသို့ ထည့်သွင်းခဲ့သည့်အတွက် စိုက်ပျိုးမှုနည်းပါးခဲ့ချိန်တွင် အိန္ဒိယမှ ၂၀၁၈ ခုနှစ်က ဝေစုကကဲ့သို့ တင်ပို့ခွင့်ပြန်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ အမြင့်ဆုံးဈေးနှုန်းသို့ ပြန်လည် ရောက်ရှိစေခဲ့ခြင်းဖြစ်ကြောင်း ပဲကုန်သည်များက ဆိုသည်။

အိန္ဒိယကလည်း လိုအပ်ချက်ရှိနေတယ်။ ပြည်တွင်းမှာလည်း အထွက် တော်တော်နည်းတယ်။ ဈေးကတော့ တက်ဦးမှာပဲ”ဟု ပဲ၊ နှမ်းကုန်သည် ဦးကျော်သွင်က သုံးသပ်ပြောကြားသည်။ လက်ရှိ မန္တလေးပဲဈေးကွက်အတွင်း ပဲစင်းငုံ (နီ-သစ်) သုံးတင်းဝင်တစ်အိတ်လျှင် ၉၁,၅၀၀ ကျပ်၊ ပဲစင်းငုံ(နီ- အဟောင်း) သုံးတင်းဝင်တစ်အိတ်လျှင် ၇၇,၀၀၀ ကျပ်နှင့် ပဲစင်းငုံဖြူ(သစ်)တစ်အိတ်လျှင် ၈၈,၀၀၀ ကျပ် ဈေးရှိကြောင်း မန္တလေးကုန်စည်ဒိုင်၏ ဈေးနှုန်းထုတ်ပြန်ချက်များ အရ သိရသည်။ အိန္ဒိယအစိုးရသည် ယခုနှစ်အတွင်း မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို တန်ချိန်တစ်သိန်းခွဲစီနှင့် ပဲစင်းငုံကို တန်ချိန်နှစ်သိန်း ဝယ်ယူမည်ဖြစ်ကြောင်း ယင်းအစိုးရက ထုတ်ပြန်ထားသည်။

**Source:** https://www.facebook.com/a9biz/

## ရွှေကူမြို့အနီး စိုက်ပျိုးထားသည့် တစ်ရှူးငှက်ပျောမျိုးအဖီးများ တရုတ်နိုင်ငံသို့ တစ်ရက် ကားအစီး ၂၀ ကျော် တင်ပို့

ကချင်ပြည်နယ် ရွှေကူမြို့အနီး စိုက်ပျိုးမြေများတွင် တရုတ်နိုင်ငံသားများကိုယ်တိုင် မြေငှားပြီး တစ်ရှူး မျိုးပွားစနစ်ဖြင့် စိုက်ပျိုးထားသော ငှက်ပျောခြံကြီးများမှာ စိုက်ပျိုးမှုအောင်မြင်လာသဖြင့် တရုတ်နိုင်ငံသို့ တစ်နေ့ကား အစီး ၂၀ ကျော် တင်ပို့နေရကြောင်း သိရသည်။ တစ်ရှူးငှက်ပျောမျိုးကို ကချင်ပြည်နယ်အတွင်း၌ တရုတ်ပြည်မှမျိုး၊ မြေဩဇာများအသုံးပြု၍ တရုတ်နိုင်ငံသားများကိုယ်တိုင် မြေငှားစနစ်ဖြင့် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးချိန်တွင် ရေလုံလောက်စွာရရှိရန် စက်ရေတွင်းတူးဖော်အသုံးပြုရာ ယခုအခါ တစ်ရှူးငှက်ပျောမျိုးအပင်များ အောင်မြင်ဖြစ်

ထွန်းကာ အခိုင်လိုက်အသီးစုံထွက်ရှိနေပြီဖြစ်၍ တရုတ်နိုင်ငံဈေးကွက်သို့ နေ့စဉ်တင်ပို့နေပြီဖြစ်သည်။

ရွှေကူမြို့အဝင် စစ်တပ်နားမှာ မြေတစ်ဧက တစ်နှစ်ငှားရမ်းခ တစ်သိန်းနှစ်သောင်းနဲ့ငှားပြီး စိုက်တာများနေပါပြီ။ သူတို့က တစ်ရှူးမျိုးလို့ခေါ်တဲ့ မျိုးစေ့မျိုးပင်ကို တရုတ်ကယူလာပြီး ဒီကဒေသခံ အလုပ်သမားတွေကို နေ့တွက်ပေး စိုက်ခိုင်းပါတယ်။ ဓာတ်မြေသြဇာ ကိုလည်း တရုတ်ကပဲ အိတ်ကြီး တွေနဲ့ယူလာပါတယ်။ အပြာရောင် မြေသြဇာတွေပါ။ အပင်တစ်ပင် ငှက်ပျောခိုင်တစ်ခိုင် ၁၂ ဖီး ၁၃ ဖီးအထိထွက်ပါတယ်။ သူတို့က တစ်ခိုင်မှ အရင့်သီး ခုနစ်ဖီးပဲယူပါ တယ်။ လက်ရွေးစင်အဖီးခုနစ်ဖီးကို စနစ်တကျထုပ်ပိုးပြီး ဂျပ်စက္ကူဘူး ထဲထည့် ပါကင်ပိတ်ပြီးမှ တရုတ် ပြည်ကိုပို့တာပါ။ သီတင်းကျွတ် လမှာ စတင်စိုက်တဲ့ ငှက်ပျောပင် တွေ အသီးထွက်ရာသီက ကဆုန်နယုန်မှာ ကုန်ပါမယ်"ဟု အဆိုပါ ငှက်ပျောစိုက်ခင်းများမှ အလုပ်ဆိုင်း ခေါင်းဆောင်အမျိုးသမီးတစ်ဦး က ပြောသည်။

တစ်ရှူးငှက်ပျောခိုင်များ ခုတ် ယူရာတွင် အလုပ်သမားငှားရမ်း ခုတ်ယူ၍ တရုတ်နိုင်ငံသို့တင်ပို့ရန် ထုပ်ပိုးသည့်အခါ ငှက်ပျောအခိုင် များမှ အရင့်သီးအဖီး ခုနစ်ဖီးကို ချက်ချင်းမမှည့်စေရန် ဆေးစိမ်၍ ဂျပ်စက္ကူပုံးအတွင်းဖော့ခံစက္ကူပတ် ပြုလုပ်ထည့်သွင်းထုပ်ပိုးတင်ပို့ကြ ခြင်းဖြစ်ပြီး အဆိုပါအသီးများကို တရုတ်နိုင်ငံအတွင်း ရောင်းချရာ၌ အသီးမှည့်ဆေးတို့ကာ ရောင်း ချခြင်းဖြစ်ကြောင်း ၁၀ဘီး၊ ၁၂ဘီး ကားများဖြင့် တစ်နေ့အစီး ၂၀ ကျော်ပို့ရကြောင်း ငှက်ပျောထုပ် ပိုးလုပ်ကိုင်သူများ ပြောပြချက်အရ သိရသည်။

**Source:** https://www.facebook.com/a9biz/

## ပဲစင်းငုံနှင့် ပဲတီစိမ်းများ ဈေးနှုန်းမြင့်နေပြီး မတ်ပဲအသစ်ကို လှောင်လက်များက အပြိုင်အဆိုင်ဝယ်ယူနေ

ယခုရက်ပိုင်းအတွင်း မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်၌ လှောင်လက်သမားများ၏ အပြိုင်အဆိုင်ဝယ်ယူမှုကြောင့် မတ်ပဲ အသစ်များမှာ ပစ္စည်းပြတ်လပ်သည့်အနေအထားသို့ရောက်ရှိနေပြီး အိန္ဒိယနိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုမည့် ပဲစင်းငုံများမှာ ဈေးနှုန်းမြင့်တက်လာနေကြောင်း ပွဲစား၊ ကုန်သည်များနှင့် စက်ပိုင်များထံမှသိရသည်။

ဒီလဆန်းပိုင်း(သင်္ကြန်မတိုင် ခင်)ကာလထက်စာရင် ပဲအမျိုးအစားအများစုက ဈေးနှုန်းတွေမြင့်တက်လာတာကို တွေ့ရပြီး အိန္ဒိယနိုင်ငံကနေပြန်လည်ဝယ်ယူတော့မယ့် မတ်ပဲဟာဆိုရင် တစ်အိတ်ကို ကျပ် ၇၀၀၀၀ ဝန်းကျင်နဲ့ ပစ္စည်းပြတ်လပ်သွားတာပါ။ ပဲစင်းငုံဖြူ(အသစ်)တစ်အိတ်ကို ကျပ်ငါးထောင်ကျော် ဈေးတက်လာသလို ပဲစင်းငုံနီ (အဟောင်း)ကတော့ အဖြူထက် ပိုဈေးကောင်းနေပါတယ်။ ရန်ကုန်ဝယ်လက်တွေနဲ့ ပြည်တွင်းပဲခွဲစက်တွေရဲ့ အလုံးအရင်းဝယ်ယူမှုကြောင့် ကုလားပဲအုပ်စုဝင်ပဲတွေ တစ်အိတ်ကို ကျပ် ၈၀၀၀၀ ဝန်းကျင်ဈေးကို ပြန်လည်ရောက် ရှိနေရာမှာ ပြောင်းဖူးစေ့တွေကို ထိုင်းနိုင်ငံကနေ ရုတ်တရက် ဝယ်ယူမှုတွေရှိလာလို့ ဈေးနှုန်းတွေ တက်ရိပ်သန်းနေ ပါတယ်ဟု မန္တ လေးပဲကုန်စည်ဒိုင်မှ ကုန်သည် ဦး ကျော်ကျော်က ဧပြီ ၂၂ ရက်တွင် ဒီမိုကရေစီတူဒေးသို့ ပြောကြား သည်။

ပြည်တွင်းစားသုံးမှုများသည့် ပဲထောပတ်၊ ပဲကြီး၊ မြေထောက်ပဲတို့သည်လည်း ဈေးနှုန်းတည်ငြိမ်၍ ပြောင်းဖူးဈေး များမှာ ထိုင်းနိုင်ငံမှ ဝယ်ယူမှုရှိလာသဖြင့် အထွက်တိုးပြောင်းတစ်အိတ်လျှင် ကျပ်သုံးသောင်းသို့ ဈေးမြင့်တက်လာပြီး မတ္တရာ၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ စဥ့်ကူးဒေသဘက်မှ နှမ်းပြောင်းများ စတင်ဝင်ရောက်လာလျက်ရှိကြောင်း ကုလားပဲ (ထိုင်ဝမ်) တစ်အိတ် ကျပ် ၈၃၀၀၀၊ ကုလားပဲဖြူလုံးကြီး တစ်အိတ် ကျပ် ၈၀၀၀၀၊ ပဲစင်းငုံဖြူ တစ်အိတ်ကျပ် ၈၈၀၀၀၊ ပဲစင်းငုံနီ တစ်အိတ် ကျပ် ၉၁၅၀၀၊ ပဲတီ စိမ်းရွှေဝါ(ခရမ်း)တစ်အိတ် ကျပ် ၁၂၄၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၉၂၀၀၀၊ ထောပတ်ပဲတစ်အိတ် ကျပ် ၁၀၇၀၀၀၊ မြေထောက်ပဲတစ် အိတ် ကျပ် ၁၂၀၀၀၀ အသီးသီးဖြင့် အရောင်း အဝယ်ဖြစ်နေကြကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/13477-

## ဆန်စပါးပြီးလျှင် ပြည်ပပို့ကုန်များမှ နိုင်ငံခြားငွေရရှိမှုမှာ နွားတင်ပို့မှုဖြစ်

ပြည်ပသို့ တင်ပို့နေသည့် ပို့ကုန်များမှ နိုင်ငံခြားငွေရရှိမှုအများဆုံးမှာ ဆန်စပါးပြီးလျှင် နွားတင်ပို့မှုမှ အများဆုံး ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ ပြည်ပသို့ ကျွဲ၊ နွား တင်ပို့မှုမှ နိုင်ငံခြား ငွေ ရရှိမှုနှုန်းမှာ နှစ်စဉ်တိုးတက်လာသည့်အတွက် တင်ပို့မှု ပိုမိုတိုးတက်လာစေရန်နှင့် တရားမဝင်တင်ပို့မှုများ လျော့နည်းကျဆင်းစေရန်အတွက် နှစ်နိုင်ငံ အစိုးရအချင်းချင်း G to G လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။

G to G သွားဖို့အတွက် ကျွဲ၊ နွား ရောင်းဝယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ(မူကြမ်း)ကို မြန်မာ- တရုတ် နှစ်နိုင်ငံ လက်မှတ်ရေးထိုးနိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေတစ်ဆင့် သံတမန်နည်းလမ်းဖြင့် တရုတ်နိုင်ငံအစိုးရကို ပေးပို့ထားပါတယ်ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။ လွန်ခဲ့သည့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့မှစတင်ကာ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားပိုမိုတိုးတက်စေရန်အတွက်ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ခြင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့သည်။

ကျွဲ၊ နွား တရားဝင်တင်ပို့ခွင့်ပြုပြီးနောက်ပိုင်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျွဲ၊ နွား တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈ဒသမ၆၁၉ သန်း၊ ၂၀၁၈ ၆ လ ဘတ်ဂျတ်တွင် အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ၀၄၀ သန်း၊ ၂၀၁၈ -၂၀၁၉ ဘတ်ဂျက် အောက်တိုဘာလ ၁ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၂၃၄ဒသ မ၈၆၅ သန်းခန့် ရရှိခဲ့ကြောင်းသိရသည်။ ကျွန်တော်တို့အနေနဲ့ ကျွဲ၊ နွား တင်ပို့မှုကနေ နိုင်ငံခြားငွေ အများကြီးရတယ်ဆိုပြီး ပို့ဖို့ပဲ အာရုံစိုက်နေလို့ မရဘူး။ မျိုးကောင်းနွားတွေကိုလည်း ပြန်လည်မွေးမြူဖို့ လိုအပ်တယ်။ တင်ပို့တာနဲ့ မွေးမြူတာကို မျှခြေရှိအောင်လုပ်ဖို့ လိုအပ်တယ် " ဟု ကျွဲ၊ နွား ကုန်သည် ဦးသန်းစိုးက ပြောသည်။

**Source:** https://www.facebook.com/amiamyanmar/

## သရက်သီးစိမ်းများ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသ အသီးသီးမှထွက်ရှိသည့် သရက်သီးစိမ်းများ ယခုအခါ ကုန်စိမ်း အဝယ်ဒိုင်အသီးသီးသို့ ဝင်ရောက်လျက်ရှိပြီး အများစုမှာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ နွေရာသီမှာက အပူချိန်ပြင်းတော့ သရက်သီးစိမ်းကို စားသုံးတာများတယ်။ အဓိကအားဖြင့် ရန်ကုန်ဈေးကွက်ကို တင်ပို့ရတာ နေ့စဉ်လိုလိုပဲ။ လက်ရှိမှာ တစ်ပိဿာကို ငွေကျပ် ၃၀၀၊ ၃၅၀ ဝယ်ပါတယ်။ လာရောင်းတာကတော့ ဒေသအစုံကပဲဟု ဆွာမြို့ ထောက်ကြန့်ကွင်းကျေးရွာရှိ အဝယ်ဒိုင်လုပ်ငန်းလုပ်ကိုင်သူကပြောသည်။ ကျေးရွာအများ အပြား၌ မချစ်စု၊ ရင်ကွဲ၊ဝါဆို၊ မနွယ်နွယ်အစရှိသော သရက်သီးမျိုးများကို အစိုက်များသည်။

တောမှာဆိုတော့ ဟိုလူကလာခူး။ ဒီလူကလာခူး လေမိုးတိုက်လို့ကြွေတာနဲ့ ကုန်ရော၊ ရောင်းစားရတယ်ကို မရှိတာ၊ ခုတော့ သရက်သီးစိမ်း ဝယ်ယူသူတွေက ရွာတွေအထိဆင်းလာတယ်။ အပင်ပြတ်ဝယ်ယူတဲ့စနစ်ပေါ့။ ကျွန်တော့်အိမ်ဝိုင်းထဲမှာ မချစ်စုအပင် ခုနစ်ပင်ရှိတယ်။ အားလုံး လေးသောင်းခွဲနဲ့ ဝယ်သွားတယ်ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာ ဒေသခံတစ်ဦးကပြောသည်။ သရက်သီးစိမ်းများကို အခွံနွာကာ တို့စရာအမည်စုံဖြင့် လူစည်ကားရာနေရာများ၊ ဘုရားပွဲ၊ ဈေးတန်း၊ ရထားဘူတာရုံ၊ ကားဂိတ်များတွင် ရောင်းချလေ့ရှိကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1883-mangoes.html

## STOCK EXCHANGE (24.4.19)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +200 | +2.33% | 8,700 | 8,800 | 8,700 | 1,330 | 11,572,000 | 27,112,747 | 238,592 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 3,560 | 10,500,000 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 60 | 420,000 | 10,400,986 | 72,807 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 298 | 6,109,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 110 | 297,500 | 12,212,906 | 33,585 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 373.93 | +5.85 | +1.59% | 370.07 | 373.93 | 370.07 | 5,358 | 28,898,500 | 5 | 510,502 |


### Index chart




# Market Overview

As of 1:00 pm, 24th Apr. 2019

| MYANPIX | 373.93 ▲ 5.85 |
|---|---|
| Total Volume (shares) | 5,358 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 510,502 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 200 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |